ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

# ဥပဒေပြုပြီးနောက်စိစစ်ခြင်း(Post-Legislative Scrutiny) သဘောတရားအား လေ့လာခြင်း

**အကျဉ်းချုပ်**

ဥပဒေပြုပြီးနောက်စိစစ်ခြင်းသည် ပြဋ္ဌာန်းပြီးဥပဒေများအား လက်တွေ့အကောင်အထည်ဖော်ရာ၌ ဥပဒေ၏ သက်ရောက်မှုများနှင့် ကြုံတွေ့ဖြစ်ပေါ်လာသည့် အခြေအနေများကိုစောင့်ကြည့်လေ့လာ၍ အကဲဖြတ်သုံးသပ်ခြင်းဖြစ်ပါသည်။

မြန်မာ့လွှတ်တော်သက်တမ်း (၉) နှစ်တာကာလအတွင်း အသစ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၁၆၆ ခုအနက်မှ ၂၉ ခုကို ပြန်လည်ပြင်ဆင်ခဲ့သည့်အတွက် ပြဋ္ဌာန်းပြီးဥပဒေများအနက်မှ ၁၇ ရာခိုင်နှုန်းကို ပြင်ဆင်ခဲ့ရကြောင်းတွေ့ရှိရပါသည်။

ဤစာတမ်းတိုတွင် ပြဋ္ဌာန်းပြီးသော ဥပဒေများအနက် အသေးစားငွေရေးကြေးရေးဥပဒေနှင့်ကလေးသူငယ်ဥပဒေတို့အား ရှေ့ပြေးစမ်းသပ်၍ စိစစ်တွေ့ရှိသည့်အခြေအနေများကို ဖော်ပြထားပါသည်။ ဥပဒေစိစစ်ခြင်းကြောင့် ဥပဒေ၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက် ပြည့်မီမှု ရှိ/ မရှိတို့ကိုဖော်ထုတ်၍ သိရှိခဲ့ရသည့်အခြေအနေများကိုလည်း ဖော်ပြထားပါသည်။ အလားတူ နိုင်ငံအချို့၏လွှတ်တော်များတွင် ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆောင်ရွက်နေမှုတို့ကို လေ့လာနိုင်ရန် စုစည်းပြုစုထားပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

**စာတမ်းတိုအမှတ်စဉ် - ၁၀၉**

ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းစဉ်သည် လွှတ်တော်အတွက်များစွာ အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆိုင်ရာ အချက်အလက်များအား သိရှိနိုင်ရန်နှင့် အဆိုပါလုပ်ငန်း အကောင်အထည်ဖော်လာနိုင်ရေးနှင့် ဆောင်ရွက်မည့် အစီအမံ ရေးဆွဲရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုစေရန်အတွက် ရေးသားပြုစုတင်ပြခြင်းဖြစ်ပါသည်။

**(နောက်ဆက်တွဲအနေဖြင့် ဥပဒေပြုပြီးနောက်စိစစ်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဆောင်ရွက်နိုင်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို စာတမ်းတိုအဖြစ်ဆက်လက်ရေးသားပြုစုမည်ဖြစ်ပါသည်။)**

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၄ |
| ၂။ | ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆိုသည်မှာ | ၄ |
| ၃။ | လွှတ်တော်၏တာဝန်နှင့် ဥပဒေစိစစ်ခြင်းကဏ္ဍ | ၅ |
| ၄။ | ဥပဒေစိစစ်ခြင်းတွင် သုတေသန၏ကဏ္ဍ | ၆ |
| ၅။ | မျက်မှောက်လွှတ်တော်မှအသစ်ပြဋ္ဌာန်းခဲ့သည့်ဥပဒေများနှင့်ပြန်လည်ပြင်ဆင်သည့်ဥပဒေများ | ၇ |
| ၆။ | မြန်မာ့လွှတ်တော်နှင့် ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်း | ၉ |
| ၇။ | နိုင်ငံအချို့၏ ဆောင်ရွက်နေမှုများ | ၁၀ |
| | (က) ဗြိတိန်နိုင်ငံ | ၁၁ |
| | (ခ) ဘယ်လ်ဂျီယံနိုင်ငံ | ၁၁ |
| | (ဂ) ကနေဒါနိုင်ငံ | ၁၂ |
| | (ဃ) အိန္ဒိယနိုင်ငံ | ၁၃ |
| | (င) ဆွစ်ဇာလန်နိုင်ငံ | ၁၃ |
| ၈။ | နိဂုံး | ၁၄ |

## နိဒါန်း

၁။ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အသီးသီးတို့သည် ဖွဲ့စည်းပုံများ မတူညီကြသော်လည်း အများပြည်သူ၏အကျိုးစီးပွားကို ဖော်ဆောင်ပေးသည့်ဥပဒေများကို ပြဋ္ဌာန်းပေးသကဲ့သို့ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးကို ဖြစ်ပေါ် စေသည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးလျက်ရှိပါသည်။ ဥပဒေတစ်ခုကိုပြဋ္ဌာန်းပြီးနောက် လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ခြင်း၊ အကျိုးသက်ရောက်ခြင်းတို့မရှိခဲ့ပါက ထိုဥပဒေသည် တည်ဆဲဥပဒေဖြစ်သော်လည်း အာဏာသက်ရောက်မှုမရှိသော ဥပဒေအဖြစ်သာ တည်ရှိနေမည်ဖြစ်ပါသည်။ ဥပဒေများကို ပြဋ္ဌာန်းပြီးနောက် ဥပဒေ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ခြင်း ရှိ/ မရှိ၊ အကျိုးသက်ရောက်မှု ရှိ/ မရှိ စိစစ်သုံးသပ်ခြင်းလုပ်ငန်းသည် မရှိမဖြစ်လိုအပ်သည်ဟု ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံလာကြပါသည်။ ထို့ကြောင့် မျက်မှောက်ခေတ်တွင် လွှတ်တော်အသီးသီးတို့သည် ဥပဒေပြုပြီးနောက်စိစစ်ခြင်း Post-Legislative Scrutiny (PLS)လုပ်ငန်းကို မိမိတို့နိုင်ငံ၏နိုင်ငံရေးစနစ်နှင့် အခြေအနေပေါ် မူတည်၍ ပုံစံမျိုးစုံဖြင့်ဆောင်ရွက်လာကြပါသည်။ ဆောင်ရွက်ပုံနည်းစနစ်ခြင်း တူညီမှုမရှိသော်လည်း အဓိကရည်ရွယ်ချက်မှာ မိမိနိုင်ငံတွင် ပြဋ္ဌာန်း

ထားသောဥပဒေများ၏ အကျိုးသက်ရောက်မှုကို စိစစ်၍ဥပဒေ၏ရည်ရွယ်ချက်အား အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ [1]

## **ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆိုသည်မှာ**

၂။ ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုသည်မှာ ပြဋ္ဌာန်းပြီးဥပဒေများသည် ရည်ရွယ်ချက်အတိုင်း အကျိုးသက်ရောက်မှု ရှိ/ မရှိ၊ အမှန်တကယ် အကောင်အထည်ဖော်နိုင်ခြင်း ရှိ/ မရှိ ဥပဒေ၏ အောင်မြင်မှု ရှိ/ မရှိ၊ အောင်မြင်လျှင် မည်သည့်အတိုင်းအတာထိ အောင်မြင်သည် စသည်တို့ကို လေ့လာဆန်းစစ် သုံးသပ်ခြင်းဖြစ်ပါသည်။[2]

၃။ ဥပဒေအား အကောင်အထည်ဖော်မှုတွင် ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာကျင့်သုံးမှု ရှိ/ မရှိ လေ့လာစောင့်ကြည့်ခြင်း၊ လိုအပ်သော နည်းဥပဒေများ၊ စည်းကမ်း/ စည်းမျဉ်းများ၊ အမိန့်ညွှန်ကြားချက်တို့ကို ထုတ်ပြန်အကောင်အထည်ဖော်ခြင်းရှိ/ မရှိ၊ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ နိုင်ငံတကာလိုက်နာရသည့် ကျင့်ဝတ်များနှင့်ညီညွတ်ခြင်း ရှိ/ မရှိ၊ အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများသို့လုပ်ပိုင်ခွင့်နှင့် တာဝန်အပ်နှင်းခြင်း ရှိ/ မရှိ၊ ဥပဒေအာဏာသက်ရောက်မည့် လူမှုအသိုင်းအဝန်းအား ဥပဒေအကြောင်းအသိပညာဖြန့်ဖြူးပေးခြင်း ရှိ/ မရှိ တို့ကို စိစစ်သကဲ့သို့ ဥပဒေ၊ မူဝါဒ၊ ဦးတည်ချက်များ၊ ရည်ရွယ်ချက်များပြည့်စုံခြင်း ရှိ/ မရှိ၊ အကျိုးသက်ရောက်မှု၏ ရလဒ်များနှင့်လိုအပ်ချက်တို့ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ စိစစ်အကဲဖြတ်ခြင်းဖြစ်ပါသည်။[3]

---

[1] “The Post Legislative Scrutiny Process  Implementation”Pre-Ph.D on Thesis by Maung Khin Maung Oo.May 2019 Department of Law, University of Yangon.

[2] လွင်သွင်ဦး ဥပဒေများပြဋ္ဌာန်းပြီးနောက် ပြန်လည်သုံးသပ်ခြင်း မေလ ၂၈-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[3] “The Post Legislative Scrutiny Process  Implementation”Pre-Ph.D on Thesis by Maung Khin Maung Oo.May 2019 Department of Law, University of Yangon.

၄။ ဥပဒေများကို လေ့လာအကဲဖြတ်စိစစ်ခြင်းသည် ပြည်သူများအတွက် ကောင်းမွန်သည့် ဥပဒေတစ်ရပ်ကို ဖြစ်ထွန်းစေပြီး ပြည်သူလူထုကလည်း ဥပဒေများအပေါ် ယုံကြည်အားကိုးမှုကို ဖြစ်ပေါ်စေပါသည်။[4]

## လွှတ်တော်၏တာဝန်နှင့် ဥပဒေစိစစ်ခြင်းကဏ္ဍ

၅။ (က) လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန်ဖြစ်သကဲ့သို့ ပြည်သူများအတွက် ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရခြင်း၊

(ခ) ဒုတိယတာဝန်မှာ အပြန်အလှန်စောင့်ကြည့်ထိန်းညှိခြင်း (Check and Balance) နိုင်ငံတော်၏အချုပ်အခြာအာဏာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဟု အာဏာကြီးသုံးရပ်ဖြင့် ပိုင်းခြားကျင့်သုံး၍ ထိုအာဏာကြီးသုံးရပ်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းခြင်းဖြစ်သည်။ [5]

(ဂ) တတိယတာဝန်၏ ကိုယ်စားပြုခြင်းသည် သက်ဆိုင်ရာမဲဆန္ဒနယ်သာမက ပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ရခြင်းတို့ဖြစ်ပါသည်။

၆။ လွှတ်တော်၏အခန်းကဏ္ဍဖြစ်သည့် အပြန်အလှန်ထိန်းညှိခြင်း၊ ထိန်းကျောင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပြဋ္ဌာန်းပြီးဥပဒေများအား စောင့်ကြည့်ထိန်းကျောင်းစိစစ်ရန် တာဝန်ရှိပါသည်။[6] လွှတ်တော်မှ အကဲဖြတ်လေ့လာခြင်းသည် အုပ်ချုပ်ရေးကဏ္ဍကို ထိရောက်စွာ စိစစ်ဆောင်ရွက်နိုင်ခြင်းနှင့် ထိရောက်သည့်ဥပဒေပြုခြင်းတို့ကို အတိုင်းအတာတစ်ခုအထိ ချိတ်ဆက်ပေးနိုင်ပါသည်။[7]

[4]လွှင်သွင်ဦး ဥပဒေများပြဋ္ဌာန်းပြီးနောက် ပြန်လည်သုံးသပ်ခြင်း မေလ ၂၈-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[5] ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၁၁ (က) မှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[6] ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၁၁ (က) မှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[7] လွှင်သွင်ဦး ဥပဒေများပြဋ္ဌာန်းပြီးနောက် ပြန်လည်သုံးသပ်ခြင်း မေလ ၂၈-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ထား ခြင်းဖြစ်ပါသည်။

## ဥပဒေစိစစ်ခြင်းတွင် သုတေသန၏ကဏ္ဍ

၇။ ဥပဒေစိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သုတေသန၏ကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ သုတေသနပြု၍လေ့လာရာတွင် ပြဋ္ဌာန်းပြီးသည့်ဥပဒေများကို လက်တွေ့ ကျင့်သုံးမှုရှိ/ မရှိ၊ အဆိုပါဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သောနည်း ဥပဒေများ ပြဋ္ဌာန်းခြင်းရှိ/ မရှိ၊ ဥပဒေ၏အကျိုးသက်ရောက်မှုများ၊ ကြုံတွေ့နေရသည့် အခြေ အနေနှင့်အခက်အခဲများ၊ အခြားဆက်နွယ်သည့် သတင်းအချက်အလက်များကို အရင်းအမြစ်များ မှတစ်ဆင့်ဖော်ထုတ်၍ စုံလင်စွာ စုစည်းပြုစုရခြင်းဖြစ်ပါသည်။

၈။ သုတေသနပြုရာတွင် ဥပဒေဆိုင်ရာ အချက်အလက်များ၊ သက်သေများနှင့် အခြေအနေ အရပ်ရပ်ဆိုင်ရာ အကြောင်းအရာများကို ထုတ်နုတ်၍ နှိုင်းယှဉ်လေ့လာပြီး တွေ့ရှိချက်များအပေါ် ခွဲခြမ်းစိတ်ဖြာ ပေးရခြင်းဖြစ်ပါသည်။ ဥပဒေစိစစ်ခြင်းတွင် သုတေသနကဏ္ဍသည် လွန်စွာအရေး ကြီးသောကြောင့် အချို့နိုင်ငံများတွင် အကြောင်းအရာပေါ် သုတေသနပြုလုပ်ပြီးမှ ဥပဒေပြဋ္ဌာန်း လေ့ရှိကြပါသည်။ ပြဋ္ဌာန်းပြီးပါကလည်း ဥပဒေ၏အကျိုးဖြစ်ထွန်းမှု ရှိ/ မရှိ၊ ဘေးထွက်ဆိုးကျိုး၊ ပြည်သူများအပေါ်သက်ရောက်မှုနှင့် ဥပဒေ၏အားနည်းချက် အကောင်အထည်ဖော်သူတို့၏ အားနည်းချက်စသည့်အချက်အလက်ဆိုင်ရာ အထောက်အထားများကို ကျိုးကြောင်းခိုင်လုံစွာ ဖြင့်စိစစ်၍ သုတေသနပြုခြင်းဖြင့် ဥပဒေစိစစ်ခြင်းလုပ်ငန်းကို အထောက်အပံ့ပြုပေးခြင်း ဖြစ်ပါ သည်။

## မျက်မှောက်လွှတ်တော်မှအသစ်ပြဋ္ဌာန်းခဲ့သည့်ဥပဒေများနှင့်ပြန်လည်ပြင်ဆင်သည့်ဥပဒေများ

၉။ မြန်မာ့လွှတ်တော် (၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လထိ) ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအသစ် (၁၆၆) ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အဆိုပါ အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေ (၁၆၆) ခုထဲမှ ဥပဒေ (၂၉) ခုကို ပြန်လည်ပြင်ဆင်ခဲ့ရပါသည်။

၁၀။ ပြဋ္ဌာန်းထားပြီးမှ ဥပဒေ (၂၉) ခုကို ပြန်လည်ပြင်ဆင်ရခြင်းသည် ယင်းဥပဒေများ အကောင်အထည်ဖော်ရာ၌ လိုအပ်ချက်များ၊ အခက်အခဲများနှင့် ပြဿနာများ ကြုံတွေ့ရခြင်း တို့ကြောင့် ဖြစ်ပါသည်။ [8]

၁၁။ အဆိုပါ အခက်အခဲများသည် ဥပဒေမပြုမီက စိစစ်ရာတွင် အောက်ပါအချက်များဖြင့် သုံးသပ်စိစစ်ခြင်း မပြုခဲ့သည့်အတွက်ကြောင့် ကြုံတွေ့ရသည့်သက်ရောက်မှုများ ဖြစ်ပါသည်။ ထို့ကြောင့်ဥပဒေများ မပြဋ္ဌာန်းမီ စိစစ်သုံးသပ်ရာ၌ အောက်ပါအချက်များကို သေချာစွာစိစစ်လေ့လာသုံးသပ်ရန်လိုအပ်ပါသည်-

(က) ပြည်သူအကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ/ မရှိ၊

(ခ) နိုင်ငံတော်အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ/ မရှိ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ/ မရှိ၊

(ဃ) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရှိ/ မရှိ၊

(င) အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ Treaty များနှင့် ညီညွတ်ခြင်းရှိ/မရှိ[9]

၁၂။ ပြန်လည်ပြင်ဆင်ခဲ့ရသည့် ဥပဒေ (၂၉) ခုတို့တွင် အများစုသည် တစ်ကြိမ်သာ ပြင်ဆင်ရခြင်းဖြစ်သည်။ အဆိုပါဥပဒေများအနက် တတိယအကြိမ်ထိ ပြင်ဆင်ရခြင်းနှင့် စတုတ္ထအကြိမ်ထိ ပြင်ဆင်ခဲ့ရသည့် ဥပဒေ (၂) ခုရှိပါသည်။ ၎င်းတို့မှာ ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် **“ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ”** နှင့် ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် **“အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ”** တို့ဖြစ်ပါသည်။[10]

[8] ပြည်သူ့လွှတ်တော်သုတေသနဌာန ဥပဒေရေးရာဌာနခွဲမှ ပြုစုထားခြင်းဖြစ်ပါသည်။

[9] ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေအခန်း(၈)၊ နည်းဥပဒေ ၅၉ မှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[10] ပြည်သူ့လွှတ်တော် သုတေသနဌာန၊ ဥပဒေရေးရာဌာနခွဲမှ ပြုစုထားခြင်းဖြစ်ပါသည်။

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ကို (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် အမှတ်-၁) ဖြင့်ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေကို ပြဋ္ဌာန်းပြီး ရက်သတ္တပတ်အတွင်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ခဲ့ရပါသည်။ ပြင်ဆင်ရသည့် အကြောင်းအရင်းမှာ မြန်မာနိုင်ငံသည် စာချုပ်ဝင် အဖြစ်ပါဝင်ခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (International Labor Organization) ILO ၏ Force Labor Convention,1930 No.29 Compulsory Labor (အဓမ္မစေခိုင်းခြင်းကို တားမြစ်သည့် Convention နှင့် ညီညွတ်မှုရှိစေရန် အတွက် ပြင်ဆင်ပေးခဲ့ရခြင်းဖြစ်ပါသည်။[11]

၁၄။ ထပ်မံ၍ ဒုတိယအကြိမ်ပြင်ဆင်မှုကို ၂၀၁၆ ခုနှစ် ဥပဒေအမှတ် (၁၃/ ၂၀၁၆) ဖြင့်ပြင်ဆင်ရခြင်းသည် ပုဒ်မအစားထိုးပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းနှင့် တာဝန်ထမ်းဆောင်ရန် ကာလကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်းဖြစ်ပါသည်။ တတိယအကြိမ်ပြင်ဆင်မှုကို ၂၀၁၆ ခုနှစ် ဥပဒေအမှတ် (၄၁/ ၂၀၁၆) ဖြင့်ပြင်ဆင်၍ ရပ်ကွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ် တာဝန်ပေးခြင်းနှင့် သက်ဆိုင်သော ပုဒ်မများအား အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို သတ်မှတ်ပြဋ္ဌာန်း၍ ပြင်ဆင်ခဲ့ပါသည်။[12]

၁၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အသစ်ရေးဆွဲ၍ ပြဋ္ဌာန်းခဲ့ပါသည်။ ပထမအကြိမ်ပြင်ဆင်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ် ဥပဒေအမှတ် (၃၂/ ၂၀၁၄) ဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်ခြင်းကို ၂၀၁၆ ခုနှစ် ဥပဒေအမှတ် (၃၃/ ၂၀၁၆) ဖြင့်လည်းကောင်း၊ တတိယအကြိမ် ပြင်ဆင်ခြင်းကို ၂၀၁၇ ခုနှစ် (၁၈/ ၂၀၁၇) ဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ် ပြင်ဆင်ခြင်းကို (၂၀/ ၂၀၁၈) ဖြင့်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ရပါသည်။

[11] https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:C029 မှရရှိပါသည်။

[12] ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေကို ပထမ၊ ဒုတိယ၊ တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေများမှ ခြုံငုံကောက်နုတ်ခြင်းဖြစ်ပါသည်။

၁၆။ ပထမအကြိမ်ပြင်ဆင်ရသည့်အကြောင်းအရင်းမှာ မူလဥပဒေ၏ အခန်း(၃) ကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှ ပုဒ်မ ၁၄ ပါပြဋ္ဌာန်းချက်တွင် "**ကော်မရှင် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ခြင်းဖြင့်လည်းကောင်း၊ မူလဥပဒေ၏ပုဒ်မ ၇၀ ကို ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များခံစားခွင့်ရှိရေးဆိုင်ရာ ပုဒ်မခွဲငယ်များကို အစားထိုးဖြည့်စွက်ခြင်း တို့ဖြင့်ပထမအကြိမ်ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။[13]

၁၇။ ဒုတိယအကြိမ်ပြင်ဆင်ရသည့် အကြောင်းအရင်းမှာ ကော်မရှင်ဖွဲ့စည်းခြင်း ပုဒ်မ ၅ တွင် အဖွဲ့ဝင် အရေအတွက်နှင့် ရွေးချယ်ထားသည့်အဖွဲ့ဝင်များဖြင့် ပြင်ဆင်၍ တတိယအကြိမ်ပြင်ဆင်ခြင်းသည် မူလဥပဒေ၏ ပုဒ်မ၉(ခ) ကော်မရှင်အဖွဲ့ဝင်များကို "**အသက် ၇၅နှစ်ထက် မကြီးသူ**" ဆိုသည့်စကားရပ်ဖြင့်ဖြည့်စွက်ခြင်းဖြစ်ပါသည်။ စတုတ္ထအကြိမ်ပြင်ဆင်ရာတွင် ပုဒ်မပါပြဋ္ဌာန်းချက်များစွာကို ပြင်ဆင်ခြင်းဖြစ်၍ အဂတိလိုက်စားမှုကို ကျူးလွန်သည့်ပုဂ္ဂိုလ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ ပြစ်မှုအကြီးအသေးကိုလည်းကောင်း၊ ပြစ်မှုအတိုင်းအတာအလိုက်လည်း ကောင်း၊ ပြစ်ဒဏ်ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ထိရောက်ကောင်းမွန်သည့် ဥပဒေပြဋ္ဌာန်းချက်များဖြင့် ပြောင်းလဲပြင်ဆင် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ အဆိုပါဥပဒေကို အကြိမ်ကြိမ် ပြင်ဆင်ရခြင်းသည် ဥပဒေအားလက်တွေ့အကောင်အထည်ဖော်ရာ၌ အခက်အခဲများကို ကြုံတွေ့ရခြင်းတို့ကြောင့် ဖြစ်ပါသည်။[14]

## မြန်မာ့လွှတ်တော်နှင့် ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်း

၁၈။ မြန်မာ့လွှတ်တော်တွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ **အသေးစားငွေရေးကြေးရေးဥပဒေ** ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီမှ **ကလေးသူငယ်ဥပဒေ** ကိုလည်းကောင်း ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းကို WFD (Westminster

---

[13] အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂ မှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[14] အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေများမှ ချုံငုံကောက်နုတ်ခြင်းဖြစ်ပါသည်။

Foundation for Democracy) ၏ အကူအညီဖြင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ နှင့်ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ခဲ့ပါသည်။

၁၉။ သက်ဆိုင်ရာကော်မတီတို့သည် ဥပဒေ၏ အကျိုးသက်ရောက်မှုများကို သိရှိရန် ကွင်းဆင်း စာရင်းကောက်ယူခြင်းနှင့် ပတ်သက်ဆက်နွယ်သူများအား ကြားနာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါ သည်။ ပြဋ္ဌာန်းခဲ့သည့်ဥပဒေအပေါ် ရည်ရွယ်ထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်မှုရှိ/မရှိ မျှော်မှန်းထားသည့်အတိုင်း အကျိုးသက်ရောက်မှုရှိ၊မရှိ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရ သည့် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ ခေတ်နှင့်မညီညွတ်သည့် ကိစ္စရပ်များကို စိစစ်ခဲ့ပါသည်။

၂၀။ ထိုကဲ့သို့ဆောင်ရွက်ပြီးနောက် တွေ့ရှိရသည့်အချက်အလက်များအရ အချို့ဥပဒေများ၏ ပြဋ္ဌာန်းချက်တွင် အရေးယူဆောင်ရွက်ရန် ကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းရန် ပြဋ္ဌာန်းထား သော်လည်း လက်တွေ့တွင် ၎င်းကော်မတီအဖွဲ့အစည်းများ ဖွဲ့စည်းထားမှုမရှိသေးခြင်း၊ ဥပဒေ အား ချိုးဖောက်ပါက ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ခုလုံးဖြစ်စေ အရေးယူရမည်ဟု ဖော်ပြထားသော်လည်း မည်သည့်ဌာနက တာဝန်ယူ၍မည်ကဲ့သို့ ဆောင်ရွက်မည်ကို မပါရှိခြင်း၊ ရဲအရေးပိုင်သည့်ကိစ္စများနှင့် ဆက်စပ်ပါက မည်ကဲ့သို့ဖြေရှင်းရမည်ကို အတိအကျဖော်ပြမထား ခြင်း၊ နည်းဥပဒေမထွက်ရှိသေးခြင်း၊ ဥပဒေကိုလိုက်နာရမည့်သူများက ဥပဒေကိုသိရှိမှု အားနည်း ခြင်း၊ ဥပဒေအကြောင်းအရ ဖြေရှင်းမှုအားနည်းခြင်း၊ ဌာနအချင်းချင်း ချိတ်ဆက်မှုအားနည်းခြင်း၊ ဌာနများ၏အကောင်အထည်ဖော်မှု အားနည်းခြင်း စသည့်ပကတိအခြေအနေများကို ထုတ်ဖော် လေ့လာခဲ့ပါသည်။[15]

၂၁။ အဆိုပါလေ့လာမှုများသည် မြန်မာ့လွှတ်တော်တွင် ပထမအကြိမ်ဆောင်ရွက်ခဲ့ခြင်းဖြစ် ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် ခန့်မှန်းလေ့လာဆန်းစစ်မှုများ ပြုလုပ်ရန်အတွက် ကောင်းမွန်သော အလေ့အကျင့်တစ်ရပ်ကို ဖြစ်ထွန်းလာစေပါသည်။ ထို့ပြင် ဥပဒေပြဋ္ဌာန်းပြီး

[15] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ၁၉၉၃ ခုနှစ် ကလေးသူငယ် ဥပဒေ အား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

နောက် လေ့လာဆန်းစစ်ခြင်းအတွက် အခြေခံစံနှုန်း သတ်မှတ်ချက်များ ချမှတ်နိုင်ရန်အတွက် လည်းများစွာ အထောက်အကူဖြစ်စေပါသည်။

## နိုင်ငံအချို့၏ ဆောင်ရွက်နေမှုများ

၂၂။ အချို့သောလွှတ်တော်များတွင် ဥပဒေပြုပြီးနောက် စိစစ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော် လုပ်ငန်းကော်မတီများအား ဥပဒေအကောင် အထည်ဖော်ဆောင်ရွက်နေမှုကို လေ့လာရန် တာဝန် ပေးအပ်ခြင်း၊ အထူးလွှတ်တော်ကော်မတီ ဖွဲ့စည်းခြင်းဖြင့် ဆောင်ရွက်သကဲ့သို့ လွှတ်တော်မှ သီးခြား ကော်မတီဖွဲ့စည်း၍လည်းကောင်း၊ ကော်မရှင်ဖွဲ့၍လည်းကောင်း၊ သက်တမ်းတစ်ခု သတ်မှတ်၍လည်းကောင်း၊ ပြည်သူလူထု၏ အကြံဉာဏ်တောင်းခံ၍လည်းကောင်း၊ ပညာရှင်များ ခေါ်ယူဖွဲ့စည်း၍လည်းကောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနအတွက် ဥပဒေပြုပြီးနောက်စိစစ်ခြင်းနှင့် သက်ဆိုင်သော အသေးစိတ်လမ်းညွှန်ချက်များ ထုတ်ပြန်ဆောင်ရွက်၍ဥပဒေပြုပြီးနောက် စိစစ်ခြင်းကို ထိရောက်စွာဆောင်ရွက်ကြပါသည်။

(က) **ဗြိတိန်နိုင်ငံ။** ဗြိတိန်နိုင်ငံရှိ ဝန်ကြီးများရုံးသည် ၂၀၀၈ ခုနှစ်တွင် ဝန်ကြီးဌာနများ အားလုံး ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆောင်ရွက်ရန်အတွက် စိစစ်ခြင်းလမ်းညွှန် ချက်အသေးစိတ်ကို ထုတ်ပြန်ခဲ့ပါသည်။ ဝန်ကြီးဌာနများသည် ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ အကောင်အထည်ဖော်မှုအခြေအနေများ၏ ပြန်တမ်း စာလွှာများကို ပြုစု၍သက်ဆိုင်ရာ လွှတ်တော်ကော်မတီများအတွက် ထုတ်ပြန်စေ သည့်စနစ်ကို ဖော်ဆောင်ပေးခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလအထိ ဥပဒေပြုပြီးနောက်စိစစ်ခြင်းစာတမ်း (၇) စောင် ထုတ်ပြန်နိုင်ခဲ့ပါသည်။

အောက်လွှတ်တော်ကော်မတီများကလည်း ဥပဒေပြုပြီးနောက်စိစစ်ခြင်းကို အခြားသောနည်းလမ်းများအသုံးပြု၍ သက်ဆိုင်ရာမူဝါဒနယ်ပယ်များနှင့် ဆက်စပ် သည့် ကျယ်ပြန့်သောလေ့လာစုံစမ်းမှုများကို ဆောင်ရွက်ပါသည်။ လေ့လာစုံစမ်းမှု များ၏အဓိကရလဒ်များမှာ တည်ဆဲဥပဒေများအား ပြောင်းလဲပြင်ဆင်ရန်အတွက်

အကြံပြုချက်များဖြစ်ပေါ်စေပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် အစိုးရ၏ပြန်တမ်း စာလွှာမှတ်တမ်းများအပေါ် မှီခိုအခြေခံခြင်းမဟုတ်ဘဲ ဥပဒေပြုပြီးနောက် ပြန်လည်သုံးသပ်ခြင်းအား အောက်လွှတ်တော်မှ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ [16]

**(ခ) ဘယ်လ်ဂျီယံနိုင်ငံ။** ဘယ်လ်ဂျီယံသည် ၂၀၀၇ ခုနှစ်မှ စတင်၍ ဥပဒေပြုပြီးနောက် အကဲဖြတ်သုံးသပ်ခြင်းကို ကော်မတီတစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါသည်။ ယင်းကော်မတီသည် ပြဋ္ဌာန်းထားမှုအနည်းဆုံး သုံးနှစ်ရှိသည့် ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ရာမှ ပေါ်ပေါက်လာသည့် ပြဿနာများ၊ အသနားခံစာများကို လက်ခံရယူ၍ စိစစ်ခြင်းဖြစ်ပါသည်။ စိစစ်ရာတွင်ဥပဒေ၏ စကားရပ်များ၏ သိမ်မွေ့နက်နဲခက်ခဲမှုရှိခြင်း၊ ဥပဒေတွင် ကွာဟချက်များရှိနေခြင်း၊ ဥပဒေသည် တည်တံ့ခိုင်မာမှုမရှိခြင်း၊ ဥပဒေတွင် အမှားများပါဝင်ခြင်း၊ ရှင်းလင်းပြတ်သားမှုမရှိခြင်း၊ အသေးစိတ်တိကျမှုမရှိခြင်း၊ ဥပဒေသည် ရှေ့နောက်ကြောင်း ကျိုးညီညွတ်မှုမရှိခြင်းနှင့် အခိပ္ပာယ်အမျိုးမျိုးဖွင့်ဆို၍ရနေခြင်းတို့ကို ဖော်ထုတ်၍ လေ့လာအကဲဖြတ်ခြင်းဖြစ်သည်။ ကော်မတီသည် တည်ဆဲဥပဒေတစ်ရပ်အား အများသဘော ဆန္ဒခံ ယူ၍ ပြင်ဆင်မှုပြုလုပ်ရန် အဆိုပြုနိုင်ပါသည်။ အလားတူ ရှေ့နေချုပ်ရုံးမှ ဥပဒေအချို့အား အနက်အခိပ္ပါယ်ဖွင့်ဆိုခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာရပ်များအပါအဝင် အခြားသောကိစ္စရပ်များအား လွှတ်တော်သို့နှစ်စဉ် အစီရင်ခံစာ တင်ပြရပါသည်။[17]

**(ဂ) ကနေဒါနိုင်ငံ။** ကနေဒါနိုင်ငံသည် ထုတ်ပြန်ပြီးဥပဒေများကို ကာလတစ်ခုအကြာတွင် ပြန်လည်သုံးသပ်ခြင်းကို ပုံမှန်လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်

[16] Comparative study of practices of Post- Legislative Scrutiny in selected parliaments and the rationale for its place in democracy assistance July 2017

[17] Comparative study of practices of Post- Legislative Scrutiny in selected parliaments and the rationale for its place in democracy assistance July 2017

သည်။ ဥပဒေပြုပြီးနောက် စိစစ်သည့်ချဉ်းကပ်နည်းမှာ မူလဥပဒေတွင် "ဥပဒေသက်တမ်းကုန်ဆုံးခြင်း ဆိုင်ရာစာပိုဒ်" (နေဝင်ချိန်စာပိုဒ် Sunset Clause) ကို ထည့်သွင်းရေးသားခြင်းဖြင့် ဆောင်ရွက်ပါသည်။ လွှတ်တော်အနေဖြင့် ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်သည် လိုအပ်သည့်ပြောင်းလဲမှုများ ဆောင်ရွက်ရန် ကာလတစ်ခုသို့ရောက်ရှိသည့်အခါ ဥပဒေပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း၊ စိစစ်ခြင်းများပြုလုပ်နိုင်ရန် ဥပဒေသက်တမ်းကုန်ဆုံးခြင်း စာပိုဒ်အား ထည့်သွင်းအသုံးပြုလေ့ရှိပါသည်။ ဘဏ္ဍာရေးဆိုင်ရာဥပဒေများ၌ ဥပဒေသက်တမ်း ကုန်ဆုံးခြင်းစာပိုဒ်ကိုအဓိကတွေ့ရခြင်းမှာ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များသည် ပြောင်းလဲမှုများနှင့်အတူဆောင်ရွက်မှုပုံစံအမျိုးမျိုးတို့ကြောင့် ဥပဒေအား ပုံမှန်ပြန်လည် သုံးသပ်ရန်နှင့်ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ခြင်းဖြစ်သည်။[18]

**(ဃ) အိန္ဒိယနိုင်ငံ။** အိန္ဒိယနိုင်ငံတွင်ဥပဒေများပြန်လည်သုံးသပ်ခြင်းအတွက်ဥပဒေကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ထားပါသည်။ ထိုကော်မရှင်ကို ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အစီရင်ခံစာပေါင်း ၂၃၆ စောင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ဥပဒေကော်မရှင်ကဲ့သို့သော များစွာသောကော်မရှင်များသည် ဥပဒေများကို ပြင်ဆင်ရန်၊ ဖျက်သိမ်းရန်အတွက် ဖော်ထုတ်စိစစ်ပြီး ပြန်လည်သုံးသပ်ရာတွင် လူထု၏သဘောထားအမြင်များရယူ၍ သရုပ်ခွဲလေ့လာမှုများပြုပြီး မူကြမ်းများ ထုတ်ပြန်ပါသည်။

**(င) ဆွစ်ဇာလန်နိုင်ငံ။** ဆွစ်ဇာလန်၏ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လွှတ်တော်သည် ဖက်ဒရယ်အစိုးရ အာဏာပိုင်များ ကျင့်သုံးသည့် အသုံးချနည်းလမ်းများနှင့် ဥပဒေအား အသုံးချခြင်း တို့ကိုစောင့်ကြည့်လေ့လာမှု ပြုရန်ပါဝင်သည်။ ဥပဒေ

[18] Comparative study of practices of Post- Legislative Scrutiny in selected parliaments and the rationale for its place in democracy assistance July 2017

သုံးသပ်ခြင်းကို ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်း အများစုကို လွှတ်တော်မှ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ကြီးဌာနများနှင့် အခြားအဖွဲ့အစည်းများက ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဖက်ဒရယ်ကောင်စီသည် အကဲဖြတ်ဆန်းစစ်ခြင်း ရလဒ်များအား လွှတ်တော်သို့ တင်ပြရပါသည်။ သို့သော်လည်း အစီရင်ခံစာတင်ပြခြင်း လုပ်ထုံးလုပ်နည်းသည် စနစ်တကျမဟုတ်ဘဲ အကဲဖြတ်ဆန်းစစ်ရာတွင် လုပ်ငန်းကဏ္ဍနယ်ပယ်တွင်းရှိ ဆက်နွယ်သူများနှင့် တွေ့ဆုံခြင်း၊ ပညာရှင်များနှင့် ဆွေးနွေးခြင်းတို့သာဖြစ်ပါသည်။[19]

**နိဂုံး**

၂၃။ ဥပဒေပြဋ္ဌာန်းခြင်းဆိုသည်မှာ ဥပဒေသစ်များရေးဆွဲပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေရုပ်သိမ်းခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း (ပြင်ဆင်ခြင်းဆိုရာတွင် မလိုအပ်သည့်အချက်ပယ်ဖျက်ခြင်း၊ ခေတ်နှင့်အညီလိုအပ်သည့် အချက်များကို ဖြည့်စွက်ခြင်း) စသည်တို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ဥပဒေများတွင် အချို့သောဥပဒေများသည် အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်ပြီး ယနေ့တိုင်အာဏာတည်ဆဲ၊ အသုံးဝင်ဆဲဖြစ်ပါသည်။ တည်ဆဲဥပဒေများကို ရည်ရွယ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ခြင်း ရှိ/ မရှိ စိစစ်သုံးသပ်ခြင်း၊ တည်ဆဲဥပဒေများသည် ခေတ်နှင့်လျော်ညီမှု ရှိ/ မရှိ စိစစ်သုံးသပ်ခြင်း၊ ခေတ်နှင့်လျော်ညီပြီး လိုအပ်သည့် ဥပဒေအသစ်များကိုလည်းပြဋ္ဌာန်းနိုင်ရန် လေ့လာသုံးသပ်ခြင်းတို့သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏

[19] Comparative study of practices of Post- Legislative Scrutiny in selected parliaments and the rationale for itS place in democracy assistance July 2017

အကျိုးစီးပွားဖြစ်ထွန်းမှု၊ နိုင်ငံတကာနှင့် ခေတ်မီရင်ဘောင်တန်းနိုင်ရန်အတွက် အလွန်အထောက်အကူပြုပါသည်။

၂၄။ သို့ဖြစ်ပါ၍ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းသည် လွှတ်တော်အတွက်များစွာ အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်နှင့်အညီ အဆိုပါလုပ်ငန်းအကောင်အထည်ဖော် ပေါ်ပေါက်လာရေးကို မျှော်မှန်း၍ ရေးသားပြုစုတင်ပြခြင်းဖြစ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

ဤစာတမ်းတိုအား ဒေါ်ဆွေနွယ်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါ သည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၀၂၈၄၊ ၀၆၇ - ၅၉၀၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com